စိတ်ကူးချိုချိုအနုပညာ


# တင်မောင်သန်း

# မြန်မာတို့ဓလေ့ ၂



mgyoe.com

mgyoe.com



တင်မောင်သန်း

ISBN9789997119612
NF92
9 789997 119612
900.00 KS

မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော် - ဖေသစ်တည်

mgyoe.com

မြန်မာတို့အလှူ တင်မောင်သန်း
စာမျက်နှာ ၆၂ မျက်နှာ၊ ၁၀ · ၂ စင်တီ× ၁၇ စင်တီ


ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဒီဇင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၉ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မြန်မာတို့အလှူ

လူက ကုလားထိုင်ဆီသို့ မရောက်သေးမီမှာပင် လက်ကိုင်အိတ်ကြီးကို ဆိုဖာပေါ်သို့ ဘုတ်ခနဲမြည်အောင် ဒေါ်စိန်မမ ပစ်ချလိုက်သည်။ "ဟွန်း" ခနဲ သက်ပြင်းလည်းမဟုတ်၊ အမောလည်းမဟုတ်သော အသံတစ်သံက နှုတ်မှ ခုန်ထွက်လာပြီးနောက် ကိုယ်ခန္ဓာ အိအိဖိုင့်ဖိုင့်ကြီးသည်လည်း ဆိုဖာကုလားထိုင်ပေါ် ပိပုံကျသွားလေသည်။

ကုမ္ပဏီဝန်ထမ်း အမျိုးသမီးငယ်လေးများသည်လည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြမိလျက်သား ဖြစ်သွားကြသည်။

"အအေးတစ်ဘူး ယူခဲ့စမ်း"

ဒေါ်စိန်မမ၏ အတွင်းရေးမှူး အမျိုးသမီးလေး

mgyoe.com

mgyoe.com



သည် ရေခဲသေတ္တာထဲမှတွေ့ရာ အအေးတစ်ဘူးကို ကပျာကသီ ဆွဲ၍ ဒေါ်စိန်မမ၏ရှေ့မှာ ချပေးလိုက်၏။

"နင်ဟာလေ အသုံးကို မကျဘူး။ ဘယ်မလဲ ဖန်ခွက်"

အတွင်းရေးမှူးမလေးခမျာ ပျာခနဲ ဖြစ်သွားရှာလေသည်။ ဖန်ခွက်ပြေးယူနေချိန်မှာပင် ဒေါ်စိန်မမသည် ကိုကာကိုလာဘူးကို ဖောင်းခနဲမြည်အောင် ဖောက်လိုက်၍ ဂွတ်ခနဲ မော့ချလိုက်လေ၏။ ဖန်သားမျက်နှာပြင် စားပွဲပေါ်သို့ "ကုတ်"ဘူးကို ဒေါက်ခနဲ ပြန်ချလိုက်သည်နှင့် ဒေါ်စိန်မမ၏နှုတ်မှလည်း "အသုံးကို မကျဘူး"ဟူသော စကားသည် အန်ထွက်လာပြန်လေ၏။

"မြောင်းထဲသွားပစ်လိုက်တာမှ ဘတ်ခနဲမြည်သံကြားရဦးမယ်။ ခုတော့ ငွေငါးသိန်း ဘာသံမှကို မကြားလိုက်ရဘူး"

အတွင်းရေးမှူးမလေးသည် ငွေငါးသိန်းဟူသော ပမာဏကို ကြားလိုက်သည်နှင့် မျက်စချီသွားပြီး...

"ငွေငါးသိန်း ဘာဖြစ်လို့လဲဟင် မမ"ဟု မေးမိလျက် ဖြစ်သွားလေသည်။

ဒေါ်စိန်မမသည် အတွင်းရေးမှူးမလေးကို မျက်

mgyoe.com

mgyoe.com



လုံးကြီးပြူးလျက် ကြည့်လိုက်၏။

"နင်ဟာလေ အသုံးကိုမကျဘူး။ ဟိုတစ်နေ့က နင်နဲ့ငါ သွားလှူတဲ့ ငါးသိန်းဟာ – ငါးသိန်း။ ခု အဲဒီအလုပ် တို့မရတော့ဘူး"

* * *

ဒါနဟူသည် ပေးစွန့်ခြင်းပင် ဖြစ်လေရာ လှူဖွယ်ဝတ္ထုကို ပေးစွန့်မှသာ ဒါနမြောက်သည်မဟုတ်၊ အများကောင်းကျိုးအတွက် မိမိဘဝကို စတေးခြင်းသည်လည်း ဒါနပါရမီ၌ ပါဝင်သည်ပင်ဖြစ်၏။ အမှန်အားဖြင့် အနစ်နာခံခြင်း ဟူသည်မှာလည်း မြင့်မြတ်သူများသာ လုပ်နိုင်သော လုပ်ငန်းဖြစ်၍ ပါရမီသဘောကိုဆောင်ကြောင်းမှာ အငြင်းပွားစရာ မလိုသောအချက် ဖြစ်၏။ ဒါနကိုပြုရာ၌ ဒါနသည် ပါရမီမြောက်ပါလျှင် အခြားပါရမီများသည်လည်း ပါဝင်နိုင်သည်ပင် ဖြစ်၏။

ဒုစရိုက်တို့မှ စင်ကြယ်သောစိတ်ထားဖြင့် လှူခြင်းဖြစ်ပါက သီလပါရမီသည်လည်း "ဒါန ပါရမီ" ၌ ပါဝင်၏။ ဒါနပြုရာ၌ ပစ္စက္ခအကျိုး၊ တမလွန်အကျိုးကို မျှော်ကိုးခြင်းမရှိဘဲ လောက

mgyoe.com

mgyoe.com



အတွက် လွှတ်လွှတ်လှူဒါန်း စွန့်လွှတ်ခြင်းဖြစ်ပါက "နေက္ခမ္မပါရမီ"သည် ပါဝင်သည်ပင်ဖြစ်၏။ အလှူခံပုဂ္ဂိုလ်တို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေအောင် စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ပါက "ပညာပါရမီ" သည် ပါဝင်၏။ မိမိ၏ဒါန အောင်မြင်စွာ ပြီးဆုံးသွားရေးအတွက် အားထုတ်ကြိုးစားခြင်းသည် "ဝီရိယပါရမီ" ဖြစ်၏။ ဒါနပြုရာ၌ တွေ့ကြုံရသော အခက်အခဲဟူသမျှကို ကျော်လွှန်သွားသည်အထိ သည်းခံခြင်းသည် "ခန္တီပါရမီ" ဖြစ်၏။ စိတ်ထဲ၌ ကြံစည်ထားသည့်အတိုင်း လှူဒါန်းဖြစ်အောင် လှူဒါန်းခြင်းသည် "သစ္စာပါရမီ" ဖြစ်၏။ မိမိ၏ဆုံးဖြတ်ချက်ကို မပျက်ပြားသွားအောင် ထိန်းသိမ်းခြင်းသည် "အဓိဋ္ဌာန်ပါရမီ" ဖြစ်၏။ အလှူခံပုဂ္ဂိုလ်များအပေါ်၌ မေတ္တာထားခြင်းသည် "မေတ္တာပါရမီ" ဖြစ်၏။ အလှူခံပုဂ္ဂိုလ်များအနေဖြင့် အလှူရှင်အပေါ် ချီးကျူးသည်ဖြစ်စေ၊ ကဲ့ရဲ့သည်ဖြစ်စေ ထူးခြားသော ခံစားမှု မဖြစ်ပေါ်ခြင်းသည် "ဥပေက္ခာပါရမီ" ဖြစ်၏။

ဦးရွှေအောင်

"ဒါနပါရမီ" မှ

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com



ဒေါ်စိန်မမရဲ့ ငွေငါးသိန်းအကြောင်းကို မိတ်ဆွေ သက်ဆိုင်ရာပုဂ္ဂိုလ်ကို ပြောပြတော့ သူက ပြုံးပါတယ်။

"ကျွန်တော်တို့အဖို့တော့ အလှူက အလှူပဲ၊ အလုပ်က အလုပ်ပဲ။ သာသနိက အဆောက်အအုံ အတွက် ကုသိုလ်ပါဝင်ပါစေတော့ဆိုပြီး ကျွန်တော်တို့ က ဖိတ်တာပါ။ အစည်းအဝေးမှာလည်း ဒီအတိုင်း ကျွန်တော် ပြောခဲ့တာပဲ။ သူက တစ်မျိုးသဘောပေါက် နေတာတော့ ဒါ သူ့ကိစ္စပဲလေ"

မှန်ပါတယ်။ ကုသိုလ်ဆိုတာ ကိုယ်လုပ်မှ ကိုယ် ရတဲ့ကိစ္စပါ။ သူများက လုပ်ပေးလို့ရတဲ့ ကိစ္စမဟုတ်ပါ ဘူး။ ဒေါ်စိန်မမရဲ့ စေတနာက ဒေါ်စိန်မမရဲ့ ကိစ္စ ဖြစ်တယ်။ သက်ဆိုင်ရာပုဂ္ဂိုလ်ရဲ့ စေတနာက သက် ဆိုင်ရာပုဂ္ဂိုလ်ရဲ့ ကိစ္စဖြစ်တယ်။ ဒေါ်စိန်မမရဲ့ကိစ္စဟာ သက်ဆိုင်ရာပုဂ္ဂိုလ်ရဲ့ ကိစ္စပဲလို့ ကုသိုလ်ရေးဆိုင်ရာ မှာ မြင်လို့မရသလို သက်ဆိုင်ရာပုဂ္ဂိုလ်ရဲ့ ကိစ္စဟာ ဒေါ်စိန်မမရဲ့ ကိစ္စပဲလို့လည်း မြင်လို့မရပါဘူး။ သူ ပြုတာ ကိုယ်နဲ့မဆိုင်သလို ကိုယ်ပြုတာ သူနဲ့ မဆိုင်ပါ ဘူး။

ဒါကို သဘောမပေါက်လေတော့...

အလှူဒါနနဲ့ ပတ်သက်တဲ့ မြန်မာ့သမိုင်းမှာ ပုဂံ ခေတ် အေဒီ ၁၁ ရာစု၊ ၁၂ ရာစု လောက်ကစလို့

mgyoe.com

mgyoe.com



အမျိုးမျိုးသောလူတွေဟာ အမျိုးမျိုးသောဆုတွေ တောင်းခဲ့ကြတာ။ ခု အေဒီ ၁၉၉၅ ကျကာမှ ဒေါ်စိန် မမနှယ် အလုပ်တောင်းရတယ်လို့နော်…။

ဩော်… ဒေါ်စိန်မမ၊ ဒေါ်စိန်မမ။
အငြိမ်းစားကတော်ကြီး ဒေါ်စိန်မမ။
မန်နေဂျင်း ဒါရိုက်တာကြီး ဒေါ်စိန်မမ…ရယ်။

* * *

တကယ်တော့ ဒေါ်စိန်မမလို ဒါနကို အသုံးချဖို့ မြင်တဲ့သူ ဆိုတာက မြန်မာပြည်မှာ နည်းနည်းလေးပါ။ ဒါပေမဲ့ အဲဒီနည်းနည်းလေးတွေက မြန်မာတွေရဲ့ ဒါန စိတ်ဓာတ်ကို အိုးမဲသုတ်နေကြတာကလား။ ဒါနကို ကိုယ့်စီးပွားရေးလမ်းကြောင်းပေါ် ဆွဲတင်ဖို့ ကြိုးစား ချင်ကြတာကလား။

လူအမျိုးမျိုး စိတ်အထွေထွေရှိကြတော့ စီးပွား တက်ချင်လို့ လှူမိကြတဲ့ အလှူတွေလည်း မရှိဘူး တော့ မဟုတ်ပါဘူး။ “တချို့ ဒကာ ဒကာမတွေက သံဃာတင်မဟုတ်ဘူး၊ တန်ခိုးအစွမ်းရှိတယ်လို့ သတင်းဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေကိုတောင် သွားလှူကြ တာ ဦးပဥ္စင်းတွေ့ဖူးတယ်။ အဲဒီပုဂ္ဂိုလ်ရဲ့ တန်ခိုးအစွမ်း နဲ့ စီးပွားတက်မယ်လို့ မျှော်လင့်သူက မျှော်လင့်ကြ

mgyoe.com

mgyoe.com



တယ်။ ကျန်းမာရေးညံ့သူက ကျန်းမာမယ်လို့ မျှော်လင့်ကြတယ်။ အဆင်မပြေမှုတွေ အဆင်ပြေလာမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ပေါ့လေ” လို့ မြောက်ဥက္ကလာပက ဦးပဥ္စင်း ဦးတိက္ခက သူ့အတွေ့အကြုံကို ပြောပြပါတယ်။

“တချို့ကျတော့လည်း နာမည်ထင်ရှားတဲ့ ဆရာတော်ကြီးတွေကိုမှ လှူတတ်ကြတယ်။ ဦးပဥ္စင်းတို့ကို လှူတာမျိုးကျ ခင်မင်ရင်းနှီးလို့ လှူတာလည်းပါတာပေါ့။

“အဲ ကြောက်လို့ လှူတဲ့လူတွေက တော်တော်များသား။ ဗေဒင်ဆရာက ဟောလိုက်တာနဲ့ သူတို့ကြောက်ကြပြီ။ ယတြာက ဘုရားသွားလှူ ဒါမှမဟုတ် သံဃာကို လှူဆိုတော့ အဲဒီဗေဒင်ကြောင့်ကြောက်ပြီး ဦးပဥ္စင်းတို့ကို လှူကြတာလည်း ရှိလေရဲ့” တဲ့လေ။

မှန်ပါတယ်။ ဗေဒင်ကြောင့် လှူရပေမဲ့လည်း သဘောအရဆိုရင်တော့ ကောင်းမှု မကောင်းမှုပါပဲ။ ဗေဒင်ကိန်းခန်းအရ မကောင်းတာတွေ ကြုံဖို့ မြင်တယ်။

ဒီတော့ ကောင်းမှုကိုလုပ်ခိုင်းတဲ့ သဘောပါ။ ဒါပေမဲ့ ဒီလိုအခါမျိုးမှာ လူဟာ ကောင်းမှုရဲ့သဘောကို နှလုံးသွင်းဖို့ သတိမရတော့ပါဘူး။ မကောင်းမှုကြုံမှာ

mgyoe.com

mgyoe.com


ကို ကြောက်ပြီး လှူကြတဲ့သဘောဆိုတော့ စေတနာ မပါဘဲဖြစ်သွားတဲ့ ဒါနတွေလည်း ရှိဧပသပေါ့။

ရှမ်းပြည်နယ်၊ ဆီဆိုင်က ဦးသုနန္ဒရဲ့ အတွေ့ အကြုံအရတော့ "တချို့က လူချမ်းသာ၊ နတ်ချမ်းသာ ဖြစ်ချင်လို့ လှူတယ်။ တချို့ကလည်း အများသူငါ လုပ်ကြလို့ ပကာသနသဘောအရ လှူတယ်။ တချို့ ကတော့ နိဗ္ဗာန်ရချင်လို့ လှူကြပါတယ်"

ဒါပေမဲ့ နိဗ္ဗာန်ဆိုတဲ့သဘောကို နားလည်သူက နည်းနည်းပါ။ မုဒုံက ဦးဘိလာနန္ဒကတော့ နိဗ္ဗာန်ရဲ့ သဘောကို နားလည်တဲ့သူ လူ ၁၀၀ မှာ ၁ ယောက်ပဲ ရှိလိမ့်မယ်လို့ ထင်ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှာ ခြောက်နှစ်လုပ်ပြီး အင်ဂျင်နီယာဘဝကနေ သာသနာ့ဘောင်ဝင်ခဲ့တဲ့ ဘီးလင်းက ဦးဆေကိန္ဒကတော့ လူဘဝက သူ လှူဖြစ် ခဲ့ပုံလေးကို ပြန်ပြောင်းပြီး သတိတရ ပြောပြပါတယ်။

"လှူရင် ကောင်းတယ်ဆိုလို့ လှူတာပဲ။ လှူတဲ့ အလျောက် ကောင်းတဲ့အကျိုးတွေ ရတယ်။ အဲဒီ အကျိုးတွေကို တစ်ယောက်ယောက်က ပေးတယ်လို့ ထင်တယ်။ လှူရင်းနဲ့ သူ့ထက်ကောင်းတာတွေ ရှိဦး မယ်လို့ သိလာပြီး ဆက်လှူတာပဲ။ လှူလို့ရတဲ့ အကျိုး တွေထဲမှာ အကောင်းဆုံးဟာ နိဗ္ဗာန်ပဲ။ ဒီတော့ နိဗ္ဗာန်

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com


ကို မရရအောင် အလှူဒါနကို အစွမ်းကုန်ပြုမယ်လို့ စိတ်ဖြစ်ပါတယ်” တဲ့။

လူ့ဝတ်ဘဝတုန်းက ဆိုတော့ ဦးဆေကိန္ဒက ဒါနရဲ့ သဘော ဘယ်သိပါဦးမလဲ။ အများသူငါတွေလိုပဲ (၁) လှူရင်ကောင်းတယ်၊ (၂) ကောင်းတာလုပ်ရင် ကောင်းတဲ့အကျိုးပေးတယ်၊ (၃) အဲဒီအကျိုးကို တစ်ယောက်ယောက်က ပေးနေတယ်၊ (၄) အဲဒီလိုရတဲ့ အကျိုးထဲမှာ အကောင်းဆုံးဟာ နိဗ္ဗာန်ပဲလို့ ရိုးရိုးလေး မြင်တာပေါ့။

အဲဒီလို အများသူငါ မြင်ကြတဲ့အမြင်တချို့ဟာ ဗုဒ္ဓအယူနဲ့ လွဲနေတတ်တာလည်း ရှိမှာပါ။ ဒါကြောင့်လည်း သာသနာ့အာဇာနည် ဆရာတော်ကြီးတွေမှာ ပုထုဇဉ်တွေ အယူမလွဲကြဖို့ တစ်သက်ပတ်လုံး ကြိုးစားပမ်းစား ရှင်းလင်းဟောပြော ဆုံးမခဲ့ကြ၊ ဆုံးမနေကြရတာပေါ့။ ဒါပေမဲ့ လူတွေကိုယ်တိုင်က သေချာလေ့လာ မကျင့်ကြံနိုင်သေးသမျှ ကာလပတ်လုံး ဘယ်ဟာကဖြင့် ဗုဒ္ဓရဲ့အယူ၊ ဘယ်ဟာကဖြင့် ဗုဒ္ဓသာသနာ မရောက်မီ နှစ်အဆက်ဆက်ကတည်းက တည်ခဲ့တဲ့ ဓလေ့ထုံးစံ ယဉ်ကျေးမှု အယူအဆတွေ ဖြစ်တယ်လို့ ခွဲခြားသိနိုင်ပါ့မလဲ။ ဒါ ဒီနေ့ကာလမှ မဟုတ်ပါဘူး။ ဟိုး မြန်မာ့သမိုင်းအစ ပုဂံခေတ်ကို ပြန်ကြည့်လို့ရှိရင်

mgyoe.com

mgyoe.com


လည်း အဲဒီလိုပဲ တွေ့ရတာပါ။

**အင်္ဂါလေးပါး**

ဒါနဆိုတာ (၁) အလှူပေးပုဂ္ဂိုလ်၊ (၂) လှူလိုတဲ့ စေတနာ၊ (၃) လှူဖွယ်ဝတ္ထု၊ (၄) ထင်ရှားရှိနေသော အလှူခံပုဂ္ဂိုလ် အဲဒီအင်္ဂါလေးပါးရှိမှ ပြည့်စုံတယ်လို့ ဆိုပါတယ်။

ဒါကြောင့် မြန်မာလူ့အဖွဲ့အစည်းမှာ ဒါနရဲ့ အခန်းကဏ္ဍကို လေ့လာမယ်ဆိုရင် အဲဒီအင်္ဂါလေးပါး ကို အဓိကထား လေ့လာရမှာပါပဲ။

**အလှူပေးပုဂ္ဂိုလ်**

လှူတဲ့နေရာမှာတော့ ကမ္ဘာမှာ မြန်မာလူမျိုးကို ဘယ်လူမျိုးမှ မီနိုင်မယ်မဟုတ်ဘူးလို့ ပြောရင် ပြောသူ မလွန်တန်ကောင်းဘူး ထင်ပါရဲ့။ ပုဂံခေတ်ကျောက်စာ တွေကိုကြည့်ရင် အလှူကို ကမ္ပည်းတင်တဲ့ ကျောက်စာ တွေ တော်တော်များများ တွေ့ရပါတယ်။

အဲဒီလို ကမ္ပည်းတင်ခဲ့ကြတဲ့အထဲမှာ ဘုရင် လည်းပါသလို အရပ်သူ အရပ်သားတွေလည်း အများ ကြီးပါကြပါတယ်။ ရှေးကတည်းက မြန်မာတွေဟာ ဆင်းရဲချမ်းသာမရွေး လှူခဲ့ကြတာကလား။ မြန်မာ

mgyoe.com

mgyoe.com



နိုင်ငံကို ၁၉၆၁ ခုနှစ်ကစလို့ (၁၄) လတိုင်တိုင် လာရောက်လေ့လာခဲ့တဲ့ ပညာရှင် မဲဖို့စပိုင်ရို (Melford E. Spiro) ရဲ့ လေ့လာချက်အရဆိုရင် မြန်မာတွေ အလှူပေးတာ သူတို့ဝင်ငွေရဲ့ ၂၅ ရာခိုင်နှုန်းလောက် ရှိတယ်လို့ တွေ့ရပါသတဲ့။ အဲဒါ မြန်မာပြည်အထက်ပိုင်း "ရေးကြီး" ဆိုတဲ့ ရွာကလေးက ရွာသားတွေကို လေ့လာပြီး ပြောတဲ့စကားပါ။

**လှူလိုက်တဲ့စေတနာ**

လေ့လာဖို့ အခက်ဆုံးပါပဲ။ ဒေါ်စိန်မမလို မအောင့်နိုင် မအည်းနိုင် မြည်လာတဲ့ အသံကြားမှသာ သြော် သူ့စေတနာက ဒီလိုပေကိုးလို့ သိရပေမပေါ့။ မဟုတ်ရင် ဘယ့်နှယ် သိနိုင်ပါ့မလဲ။

စေတနာဆိုတာ စိတ်ထဲမှာ ဖြစ်တာကိုး။ အဲဒီစေတနာမှာတောင်မှ လှူဒါန်းနေစဉ်အတွင်း ဖြစ်ပေါ်သော စေတနာက ပိုအရေးကြီးပါတယ်။ အဲဒီစေတနာကို "မုဉ္စစေတနာ" လို့ ခေါ်ပါသတဲ့။ "မုဉ္စ ဟူသည် စွန့်လွှတ်ခြင်းပင် ဖြစ်၏။ စွန့်လွှတ်လှူဒါန်းနေစဉ် ဖြစ်သော မုဉ္စစေတနာသည်သာလျှင် ဒါန၏ တရားကိုယ် အစစ်ဖြစ်၏" လို့ ဆိုပါတယ်။

အဲဒီစေတနာကို လေ့လာဖို့ မဖြစ်နိုင်ပေမဲ့လည်း

mgyoe.com